# နိုဗယ်ကိုရိုနာဗိုင်းရပ်စ် (COVID-19) နှင့်စပ်လျဉ်းသည့် နောက်ဆုံးရသတင်းအချက်အလက်များ

မြန်မာနိုင်ငံအနှံ့ရှိ ကြက်ခြေနီအသင်းခွဲများနှင့် ရပ်ရွာအခြေပြုကြက်ခြေနီ စေတနာလုပ်အားရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်သော မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ လှုပ်ရှားဆောင်ရွက်မှုများ

## #COVID19 ဆိုင်ရာ ဒေသတွင်း လှုပ်ရှားဆောင်ရွက်မှုများဖြင့် မြန်မာနိုင်ငံနှင့် ကမ္ဘာအနှံ့တွင် ထိခိုက်အလွယ်ဆုံးသူများကို ကူညီပံ့ပိုးခြင်း



### တစ်ဦးနှင့်တစ်ဦး ပြောဆိုဆက်သွယ်မှု ကွဲပြားခြားနားသည့် ဆက်သွယ်ပုံများ။

မိမိတို့သည် ရပ်ရွာလူထုအတွင်း သတင်းအချက်အလက်များကို ပံ့ပိုးပေးပြီး ထင်မြင် အကြံပြုချက်များကို ရယူသည့် နည်းလမ်းများဖြင့် အမျိုးသမီးများ၊ အမျိုးသားများ၊ လူငယ်များ ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းများစသည့် လူအများထံချဉ်းကပ်ရမည် ဖြစ်ပါသည်။ သို့မှသာ ထင်မြင်အကြံပြုချက်များ သာမက ရပ်ရွာလူထုအားလုံးကပါ ပူးပေါင်းပါဝင်လာမည် ဖြစ်သည်။

Learn more here


မန္တလေးတိုင်းဒေသကြီး


ကချင်ပြည်နယ်

ကြက်ခြေနီစေတနာလုပ်အားရှင်များ၏ လှုပ်ရှားမှုပုံရိပ်များ -

ရောဂါကာကွယ်ရေးအတွက် ဒေသခံ ဘာသာစကားဖြင့် သတင်းအချက် အလက်များကို မျှဝေပြောကြားခြင်းသည် အလွန်အထောက်အကူဖြစ်သည်။



တနင်္သာရီတိုင်းဒေသကြီး


ဧရာဝတီတိုင်းဒေသကြီး


ရခိုင်ပြည်နယ်


မွန်ပြည်နယ်


စစ်ကိုင်းတိုင်းဒေသကြီး




ကချင်ပြည်နယ်

ထိခိုက်ဆုံးရှုံးနိုင်ခြေ အသိပေးခြင်းနှင့် ရပ်ရွာနှင့် ထိတွေ့ဆက်ဆံမှု၊ နှင့် တာဝန်ယူမှု တာဝန်ခံမှု သည် ရပ်ရွာဖြေရှင်းချက်များအကြောင်းကို သိရှိစေပြီး ပံ့ပိုးပေးရန်နှင့် ဖြစ်ပေါ်နေသော ပဟေဠိများ၊ စိုးရိမ်ပူပန်မှုများနှင့် ကောလဟာလများကို နားလည်စေပြီး ဖြေရှင်းပေးရန်အတွက် ထိရောက်ကောင်းမွန်သော နည်းလမ်းတစ်ခုဖြစ်သည်။ သို့မှသာ ၎င်းတို့ကိုယ်တိုင်နှင့် ၎င်းတို့ချစ်ခင်ရသူများအတွက် လက်တွေ့ကျပြီး မှန်ကန်သောဆုံးဖြတ်ချက်များကို ချမှတ်နိုင်စေမှာ ဖြစ်သည်။ အသင်း၏ CEA ဆိုင်ရာ အနည်းဆုံး စံသတ်မှတ်ချက်များကို အသုံးပြုပြီး ပြန်လည်ဖြေကြားမှုအတွက် ပြင်ဆင်ထားပါသည်။ ဝန်ထမ်းများနှင့် ကြက်ခြေနီစေတနာလုပ်အားရှင်များအားလည်း စေတနာလုပ်အားရှင်များအတွက် ကပ်ရောဂါထိန်းချုပ်ရေး သင်တန်းများ ECV နှင့် ရပ်ရွာတွင်း ဆင့်ပွားသင်တန်းများတွင်(CEA) နည်းစနစ်များနှင့်စပ်လျဉ်း၍ ထည့်သွင်းသင်ကြားလေ့ကျင့်ပေးပြီးဖြစ်သည်။ အသင်းအနေဖြင့် ရပ်ရွာလူထုအားစည်းရုံးရေးနှင့် COVID-19 ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ သတင်းအချက်အလက်များကို ဖြန့်ဝေရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သင်ထောက်ကူပစ္စည်းများ (IEC) များကို အသိပညာပေးရေးလှုပ်ရှားမှုများတွင် တစ်ဦးနှင့်တစ်ဦး အကွာအဝေးခြားနားနေရာယူခြင်းနှင့် အသံချဲ့စက်ဖြင့် အသိပေးများကို ဆောင်ရွက်လျက်ရှိသည်။ အရေးကြီးဆုံးအချက်မှာ အသင်း၏ လုပ်ငန်းများကို ပိုမိုတိုးတက်အောင်လုပ်ဆောင်နိုင်စေရန်အတွက် ရပ်ရွာလူထုထံမှ ထင်မြင်အကြံပြုချက်များကို နားထောင်ပြီး ပြန်လည်သုံးသပ်ကာ လုပ်ငန်းအစီအစဉ်များကို ပြင်ဆင်ပြီး ဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့် တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။


ထိုင်းနိုင်ငံမှ နေရပ်ပြန်များအား ၎င်းတို့ သုံးပါတ်ကြာနေထိုင်ရမည့် အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုရေးစင်တာသို့ ကူညီပို့ဆောင်ပေးနေသော ကိုလော်စိုး ။(ယာ)

## ကွင်းဆင်းလေ့လာမှုများမှကြက်ခြေနီတို့၏အသံများ

အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုရေးစင်တာများရှိ လိုအပ်ချက်အမျိုးမျိုးကို ဖြေရှင်းခြင်း

"ကျွန်တော်တို့ စင်တာကို ရောက်လာတဲ့ လုပ်ရှားသွားလာရန်ခက်ခဲတဲ့သူတွေထဲမှာဆိုရင် သူက လေးယောက်မြောက်ပေါ့။ သူဟာ မကြာသေးမီက ဆိုင်ကယ်မတော်တဆမှုနဲ့ ခြေထောက်ကျိုးသွားပြီး၊ ထိုင်းနိုင်ငံမှာ သွားရောက်ခွဲစိတ်ကုသမှုခံယူခဲ့သူ ဖြစ်ပါတယ်။ သူပြန်ရောက်လာတဲ့အချိန်မှာ ကျွန်တော်ရယ်၊ ကျွန်တော့် မြို့နယ်က ကြက်ခြေနီစေတနာလုပ်အားရှင်တစ်ဦးရယ်၊ သူ့အမေရယ် ကူညီပေးခဲ့ရပါတယ်။ အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုရေးစင်တာတွေမှာ ဓါတ်လှေကားမရှိတော့ နေထိုင်ရလွယ်ကူစေရန်အတွက် သူ့ကို မြေညီထပ်မှာ နေရာချထားပေးခဲ့ပါတယ်။ သူအကူအညီလိုတဲ့အချိန် ဆက်သွယ်ဖို့လည်း ကျွန်တော်တို့ရဲ့ ဖုန်းနံပါတ်တွေပေးထားတယ်။ ကျွန်တော့်အနေနဲ့တော့ စင်တာတွေမှာ လိုတဲ့သူတွေသုံးလို့ရအောင် ဘီးခုံ (Wheel Chair) တွေရှိထားရင် ကောင်းမယ်လို့မျှော်လင့်မိတယ်။

ကြက်ခြေနီစေတနာလုပ်အားရှင်တွေဟာ အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုရေးစင်တာမှာရှိနေသူတွေအတွက်သာမက အချင်းချင်းလည်း စိတ်ပိုင်းဆိုင်ရာ အားပေးကူညီကြပါတယ်။ မိမိတို့ရဲ့ အတွေ့အကြုံတွေအကြောင်း ပြောပြကြပြီး၊ ဘာလုပ်ရမလဲဆိုတဲ့ အကြံဉာဏ်တွေလည်းပေးကြတယ်။ ဒီမှာရောက်နေတဲ့သူတချို့က စားနပ်ရိက္ခာ၊ သောက်ရေ၊ တစ်ကိုယ်ရည်သန့်ရှင်းရေးပစ္စည်းတွေဝယ်ဖို့ ပိုက်ဆံမရှိကြဘူး။ တစ်ချို့ဆိုရင် ဒီနေရာကနေ အိမ်ပြန်ဖို့တောင် ငွေကြေးမတတ်နိုင်ကြဘူး။ အိမ်ကမိသားစုက စားနပ်ရိက္ခာလာမပို့ပေးနိုင်တဲ့သူတွေအတွက်ဆိုရင် စင်တာက စီမံခန့်ခွဲသူတွေက ငွေကောက်ပြီး အစားအစာအတွက် စီမံပေးပါတယ်။ ငွေကြေးချို့တဲ့တဲ့ သူတွေအတွက်တော့ အဲ့ဒီထဲက အစားအစာတွေကို မျှဝေပေးပါတယ်။ သူတို့အတွက် အစားအစာ၊ သောက်သုံးရေ၊ တစ်ကိုယ်ရည်သန့်ရှင်းရေးပစ္စည်းတွေနဲ့ အိမ်ပြန်ဖို့ ငွေကြေးအထောက်အပံ့ရနိုင်မယ်ဆိုရင် ကောင်းမယ်လို့ထင်ပါတယ်။"

**ကိုလော်စိုး၊ ကြက်ခြေနီစေတနာလုပ်အားရှင်၊ တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)။**

# #COVID19 ရပ်ရွာလူထုအား ကြိုတင်ပြင်ဆင်ခြင်း နှင့် မြန်မာနိုင်ငံရှိ ပြောင်းလဲနေသောအခြေအနေများကို ရင်ဆိုင်ရန် အသင့်ပြင်ဆင်ခြင်း




### ထိခိုက်ဆုံးရှုံးနိုင်ခြေ အသိပေးခြင်းနှင့် ရပ်ရွာနှင့် ထိတွေ့ဆက်ဆံမှု

လူနေရာ အကွာအဝေးခြားနားနေရာယူခြင်းဆိုင်ရာ အသိပညာမြှင့်တင်ခြင်း နှင့် ရောဂါကာကွယ်ရေး အချက်အလက်များ ဖြန့်ဝေပေးခြင်းတို့ကို **မြို့နယ် ၂၄၀ မြို့နယ်တွင် လှုပ်ရှားမှုပေါင်း ၁၆,၃၀၆ ကျော် ပြုလုပ်ခဲ့ပါသည်။**




### အစိုးရကို ပံ့ပိုးကူညီသည့် လှုပ်ရှားဆောင်ရွက်မှုများ

နယ်စပ်ဒေသနှင့် ရပ်ရွာအတွင်း ကိုယ်အပူချိန်တိုင်းတာခြင်း၊ ပိုးသတ်ဆေးဖြန်းခြင်း နှင့် အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုရေး ဆောင်ရွက်ပေးခြင်းတို့ကို **မြို့နယ် ၂၄၅ မြို့နယ်တွင်** လှုပ်ရှားမှုပေါင်း ၄၁ကျော် ပြုလုပ်ခဲ့ပါသည်။ ၆၁၀,




### စိတ်ပိုင်းလူမှုပိုင်းဆိုင်ရာ အားပေးကူညီခြင်း

COVID – 19 ကြောင့်စိတ်အားငယ်နေသူများကို စိတ်ပိုင်းဆိုင်ရာ စိတ်ပိုင်းလူမှုပိုင်းဆိုင်ရာ အားပေးကူညီခြင်း နှင့် စိတ်ပိုင်းလူမှုပိုင်းဆိုင်ရာ ကနဦးကူညီစောင့်ရှောက်ရေး သင်တန်းပေးခြင်းတို့ကို **မြို့နယ် ၈၆ မြို့နယ်တွင်** လှုပ်ရှားမှုပေါင်း ၃ ကျော်တွင် ၁၇၂, ပြုလုပ်ခဲ့ပါသည်။




### အခြေခံလိုအပ်ချက်များကို တိုးမြှင့်ပေးအပ်ခြင်း

ထိခိုက်လွယ်ပြည်သူများအား စားနပ်ရိက္ခာဖြန့်ဝေပေးခြင်းနှင့် ရှေ့တန်းမှ လှုပ်ရှားဆောင်ရွက်သူများနှင့် လိုအပ်သူများအား တစ်ကိုယ်ရည်ကာကွယ်ရေးကိရိယာများ ကို ပံ့ပိုးပေးအပ်ခြင်း။

သနားကြင်နာတဲ့
အပြုအမူတစ်ခုဟာ
တစ်ဦးတစ်ယောက်၏
ကမ္ဘာကို ပြောင်းလဲစေ
နိုင်တယ်။







လူတွေ့ရဲ့
ဘဝတွေပြောင်းလဲနိုင်ဖို့
ကျွန်ုပ်တို့ကို ကူညီပါ။

ယနေ့ပင် လှူဒါန်းလိုက်ပါ။

ဤလင့်ခ်တွင်
ကြည့်ရှုနိုင်သည်။

လူ့အသက်များကို ကယ်တင်ဖို့အတွက် ကျွန်ုပ်တို့ကို ကူညီပါ။ အလှူငွေ၊ နှာခေါင်းစည်း၊ လက်သန့်ဆေးရည် (သို့မဟုတ်) တစ်ကိုယ်ရည် ကာကွယ်ရေးသုံးပစ္စည်းများ (PPE) လှူဒါန်းနိုင်ရန် ကျွန်ုပ်တို့ကို ဆက်သွယ်ပါ။



၂၀၂၀ ပြည့်နှစ် မေလ - ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်တွင် အမျိုးသမီးအဖွဲ့များ ကိုယ်စားလှယ်များမှ မြန်မာနိုင်ငံကြက်ခြေနီအသင်းထံမှ ငွေသားထောက်ပံ့မှု ရရှိနေစဉ်။



**အမျိုးသမီးအဖွဲ့များ လှည့်ပတ်ရန်ပုံငွေစီမံချက်သည် ရခိုင်ပြည်နယ်ရှိ အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းနှင့် အခြေခံလိုအပ်ချက်များကို တိုးတက်ကောင်းမွန်စေပုံ။**

## ငွေသားထောက်ပံ့ခြင်း အမျိုးသမီးလှည့်ပတ်ရန်ပုံငွေများမှတဆင့် ရခိုင်ပြည်နယ်ရှိ - COVID-19 ကာကွယ်ရေးကြောင့် ထိခိုက်ခံစားရသည့် ရပ်ရွာလူထု၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ကာကွယ်ခြင်း

ရခိုင်ပြည်နယ်အတွင်းရှိ ရပ်ရွာလူထုသည် သဘာဝ ဘေးအန္တရာယ်များ၊ ဆင်းရဲမွဲတေမှုနှင့် ဖြစ်ပေါ်လျက်ရှိသည့် ပဋိပက္ခများကြောင့် ထိခိုက်ခံစားရမှုများသည် အလွှာစုံတွင် ရင်ဆိုင်ကြုံတွေ့နေရသည်။ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအပေါ် COVID-19 ၏ သက်ရောက်မှုကလည်း ရပ်ရွာလူထု ကြုံတွေ့ရသော စီးပွားရေး ခက်ခဲမှုများကို ထပ်မံ မြင့်တက်စေခဲ့သည်။

**ငွေသားထောက်ပံ့မှုများကြောင့် အပြောင်းအလဲများဖြစ်စေမှု။** IFRC ၏ အကူအညီဖြင့် MRCS သည် ငွေသားအခြေပြုစီမံချက်များစွာမှတစ်ဆင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ငွေသားထောက်ပံ့မှုများကို ပံ့ပိုးပေးလျက်ရှိပြီး၊ အဖွဲ့ဝင်ပေါင်း ၉၈၇ ဦးဖြင့်ဖွဲ့စည်းထားသော အမျိုးသမီးအုပ်စု ၈၃ စုပါဝင်သည့် အမျိုးသမီး လှည့်ပတ်ရန်ပုံငွေများ ကို ဖွဲ့စည်းလည်ပတ်လျက်ရှိသည်။ အမျိုးသမီးအဖွဲ့များသည် အဖွဲ့ဝင်များ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ငွေကြေးအင်အားတတ်နိုင်စေရန် နှင့် ကပ်ရောဂါဖြစ်ပွားသည့် အခြေအနေအတွင်း အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်စေရန်အတွက် ငွေသားထောက်ပံ့မှုများကို လက်ခံရရှိခဲ့သည်။

**ရပ်ရွာမှ ထပ်မံလုပ်ဆောင်ရန် လိုအပ်သောအချက်များ** -ငွေသားထောက်ပံ့မှုများကို အရေအတွက်နှင့် ငွေသားပမာဏ တိုးမြှင့်ပေးအပ်ခြင်းတို့ အပါအဝင် လူမှုရေးလုံခြုံစိတ်ချရမှု အစီအမံများတွင် အထူးရင်းနှီးမြှုပ်နှံဆောင်ရွက်ခြင်း တို့ ပြုလုပ်ရန် လိုအပ်သည်။ ထို့အပြင် ရခိုင်ပြည်နယ်ရှိ ပြည်သူလူထု၏ နေထိုင်မှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပုံမှန်လည်ပတ်နိုင်စေရန်အတွက် ချေးငွေများ၊ ရပ်ရွာအခြေပြု အသေးစားချေးငွေများ အစပျိုးလုပ်ဆောင်မှုများမှတဆင့် ဘဏ္ဍာရေးရင်းမြစ်ကို ၎င်းတို့ လက်လှမ်းမီနိုင်စေရန် အမှန်တကယ်လိုအပ်လျက်ရှိသည်။

## စိတ်ပိုင်းလူမှုပိုင်းဆိုင်ရာ အားပေးကူညီခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း၊ ကျားမရေးရာ နှင့် အားလုံး အကျုံးဝင်ပါဝင်မှု (PGI)




ဓါတ်ပုံ -COVID-19 ကပ်ရောဂါကာလအတွင်း ရှေးဦးပြုစုခြင်းကို အန္တရာယ်ကင်းစွာ လုပ်ဆောင်နိုင်ရန်အတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဖွင့်လှစ်သည့် ရှေးဦးပြုစုခြင်းနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး သင်တန်းတွင် ကြက်ခြေနီစေတနာလုပ်အားရှင်များအား သင်ကြားပြသနေပုံ။ သင်တန်းတွင် COVID-19 ရောဂါကာကွယ်ရေး လှုပ်ရှား ဆောင်ရွက်နေချိန်တွင် မည်သို့ စိတ်ပိုင်းလူမှုပိုင်းဆိုင်ရာ အားပေးကူညီနိုင်စေရန်အတွက်သာမက ကာကွယ်စောင့်ရှောက်ရေး၊ ကျားမရေးရာ နှင့် အားလုံးအကျုံးဝင်ပါဝင်မှုဆိုင်ရာ ထည့်သွင်းစဉ်းစားဖွယ်ရာများလည်း ပါဝင်သည်။ ဤလင့်ခ်တွင် လေ့လာနိုင်သည်။here.

## အသုံးဝင်သော လမ်းညွှန်ချက်များ




ယခုစာအုပ်တွင် ရပ်ရွာလူထုအတွင်း မိမိတို့၏ လှုပ်ရှားဆောင်ရွက်မှုများကို ပို၍ ကောင်းမွန်စေရန် အတွက် ဒေသခံရပ်ရွာ လူထုများထံမှ ထင်မြင်အကြံပြုချက်များကို နားထောင်ရန်၊ သုံးသပ်ရန်၊ လေ့လာရန် နှင့် လက်တွေ့ လုပ်ဆောင်ရန် နည်းလမ်းများနှင့် စပ်လျဉ်း၍ အသုံးဝင်သော လမ်းညွှန်ချက်များ ပါဝင်သည်။ ဤလင့်ခ်တွင် လေ့လာနိုင်သည်။

Download here




ယခုလမ်းညွှန်ချက်သည် မိသားစုအခြေပြုပြုစု စောင့်ရှောက်မှုအတွက် ပံ့ပိုးကူညီပုံ၊ မိသားစုအတွင်း COVID-19 မဖြစ်စေရန် ကာကွယ်ပုံနှင့် မိသားစုဝင်များအား စိတ်ပိုင်းဆိုင်ရာ ဖေးမကူညီပုံစသည့် အဓိက နယ်ပယ်သုံးရပ်နှင့်စပ်လျဉ်း၍ အလေးထား ဖော်ပြထားသည်။ ဤလင့်ခ်တွင် လေ့လာနိုင်သည်။

Download here




ယခုကြားဖြတ်ကာလ လမ်းညွှန်ချက် သည် COVID-19 ဖြစ်ပွားနေချိန်အတွင်း အဝေးမှ စိတ်ပိုင်းလူမှုပိုင်းဆိုင်ရာ အားပေး ကူညီစောင့်ရှောက်မှု နှင့် စပ်လျဉ်းသည့် အချက်အလက်များကို မြန်မာနှင့် အင်္ဂလိပ်နှစ်ဘာသာဖြင့် ဖော်ပြထားပါသည်။ ဤလင့်ခ်တွင် လေ့လာနိုင်သည် Download here

MRCS နှင့် IFRC စီစဉ်သော အပတ်စဉ် COVID -19 နောက်ဆုံးရ အချက်အလက်များ စာစောင်၏ ပြီးခဲ့သည့် အပတ်စဉ်စာစောင်များကိုလေ့လာလိုပါက ယခုလင့်ခ်ကို နှိပ်ပါ။ here.

## IFRC ၏ ပြန်လည်စိစစ်ထားသော အရေးပေါ် ထောက်ပံ့ငွေ အခြေအနေများ

IFRC **သည်** ကျန်းမာရေး စောင့်ရှောက်မှုများ၊ သောက်သုံးရေ နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးတွင် ပံ့ပိုးကူညီခြင်း၊ နှင့် ထိခိုက်အလွယ်ဆုံးလူများအတွက် လူမှုစီးပွားရေး သက်ရောက်မှုများကို လျှော့ချပေးခြင်းသာမက အမျိုးသားအသင်းများ၏ ဝန်ထမ်းများနှင့် ကြက်ခြေနီ စေတနာလုပ်အားရှင်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး နှင့် ဘေးကင်းလုံခြုံရေးတို့အတွက် အမျိုးသား ကြက်ခြေနီနှင့် လခြမ်းနီအသင်းများကို ထောက်ပံ့ကူညီရန်ရည်ရွယ်၍ **ဆွစ်ငွေကြေး ၁ (၉၅ ဘီလီယံ.အမေရိကန်ဒေါ်လာ ၁) ၉ ဘီလီယံ.**ကို ထောက်ပံ့ပေးလျက်ရှိသည်။ **ထို ထောက်ပံ့ငွေ ဆွစ်ငွေကြေး ၁ ၉ ဘီလီယံ မှ.**၄၅၀ သန်းကို အမျိုးသားအသင်းများကို ပံ့ပိုးထောက်ကူရာတွင် IFRC အတွင်းရေးမှူးဌာနမှတဆင့် 450 million Swiss francs will be raised through the IFRC Secretariat ပံ့ပိုးကူညီပေးသွားမည်ဖြစ်သည်။ **လက်ရှိကာလတွင် CHF ၁၄၅၃၇၆ ခန့် လက်ခံရရှိပြီး,၆၀၂,**ဖြစ်သည်။) IFRC Go တွင် ပို၍ ပြည့်စုံစွာ လေ့လာနိုင်သည်။)







သင်သည် လေ့ကျင့်သင်ကြားပေးထားသည့် ရှေးဦးပြုစုသူတစ်ဦးဖြစ်နေပါက **အားသာချက်** ပင်ဖြစ်သည်။

လေ့ကျင့်သင်ကြားပေးထားသည့် ရှေးဦးပြုစုသူတစ်ဦးဖြစ်လာစေရန် မည်သည့်အခါမျှ နောက်ကျသည်ဟူ၍ မရှိပါ။ ကျွန်ုပ်တို့၏ အခြေခံရှေးဦးပြုစုခြင်းသင်တန်းတွင် စာရင်းပေးလိုက်ပါ။

## သတင်းရင်းမြစ်များနှင့် ဆက်သွယ်ရန် အချက်အလက်များ

- Daily MoHS update on COVID-19
- WHO global webpage on COVID-19
- Daily MIMU update on COVID-19
- INGO Forum COVID-19 resource collection
- IFRC Asia Pacific COVID-19 Dashboard
- MRCS social media (Facebook/Twitter)

**ဒေါက်တာ နေထက်လင်း**
ဒုတိယညွှန်ကြားရေးမှူး၊ ကျန်းမာရေးဌာန၊
မြန်မာနိုင်ငံကြက်ခြေနီအသင်း
nayhtetlin@redcross.org.mm
+95 9 799 531 565

**ဂျိုးဇက်မူရမ်ဘို**
စီမံကိန်းညှိနှိုင်းရေးမှူး
IFRC မြန်မာနိုင်ငံ ဌာနေရုံး
joseph.muyambo@ifrc.org
+95 9 450 719 453

ကျေးဇူးတင်ခြင်း -MRCS ၏ COVID-19 ဆက်စပ်လုပ်ငန်းဆောင်ရွက်မှုများကို MRCS အသင်းခွဲများ၊ ကြက်ခြေနီနှင့် လခြမ်းနီ လှုပ်ရှားမှု မိတ်ဖက်များ၊ ဒေသတွင်း၊ နိုင်ငံအဆင့်နှင့် အပြည်ပြည်ဆိုင်ရာမှ အလှူရှင်များသာမက၊ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍရှိ မိတ်ဖက်များ၊ တစ်သီးပုဂ္ဂလများ စသည်တို့မှ ပံ့ပိုးကူညီပေးခြင်းဖြစ်ပါသည်။